ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်(၂၀၁၈) ခုနှစ်

## Village Development Plan (VDP) ကျောက်ကြီးမြို့နယ်

**ညောင်ပင်သာကျေးရွာ** **ညောင်ပင်သာကျေးရွာအုပ်စု**

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ(အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီ၏ အမည်များရေးရန်)

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း

ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)


၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁။

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ




## ၂။ ညောင်ပင်သာ ကျေးရွာ သမိုင်းကြောင်း အကျဉ်း

ညောင်ပင်သာ  ကျေးရွာသည်ကျောက်ကြီးမြို့၏ မြောက်ဘက်တွင်တည်ရှိသော ကျေးရွာကြီးတရွာဖြစ်ပါသည်။ ညောင်ပင်သာကျေးရွာကိုလွန်ခဲ့သောနှစ်ပေါင်း(၂၀၀)ကျော်(၃၀၀) ခန့်ကအိမ်ခြေပေါင်း(၅၀)ကျော်ဝန်ကျင်ခန့်ဖြင့်ရွာစတည်ခဲ့ပါသည်။ညောင်ပင်သာကျေးရွာသည်ယခင်ကဒိုက်ပုံချောင်း၊ငွေးထောက်ကုန်းစသည်တောထဲကျေးရွာငယ်လေးများစုပေါင်းကာတည်ခဲ့ပါသည်။ရွာ၏အလယ်တွင်တည်ရှိသောညောင်ပင်ကြီးသည်ညောင်ပင်သာအရှေ့ဘက်ကမ်းနှင့်ညောင်ပင်သာအနောက်ဘက်ကမ်းကူးရာတွင်ညောင်ပင်ကြီး၏အကိုင်းများမှကူးသန်းသွားလာရာကိုအစွဲပြုပြီး ညောင်ပင်သာကျေးရွာဟု ခေါ်တွင်ခဲ့ပါသည်။

ညောင်ပင်သာကျေးရွာသည်နှစ်အတော်ကြာမြင့်ပြီဖြစ်သည့်အတွက်ကျေးရွာသည်စစ်ဘေးဒဏ်သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြုံတွေ့ခဲ့ရပါသည်။ညောင်ပင်သာကျေးရွာသည်ရွာ၏ဘေးတွင် အရင်ကဆိုလိုလျှင် စစ်ပွဲများ မကြာခဏဖြစ်ပါသည်။စစ်ပွဲများဖြစ်ပြီးဆိုလျှင် ကျေးရွာလူထုသည် ကျေးရွာဘေးရှိကျွဲနွယ်တောများတွင်ပုံးခိုနေကျရသလိုတချို့ကကတုတ်ကျင်းများတွင်ပုံခိုကြရပါသည်။

ညောင်ပင်သာကျေးရွာသည် စစ်ဒဏ်၊ သဘာဝဘေးများနှင့်ကြုံတွေ့ခဲ့ရသည့်အတွက်ကျေးရွာ သည်ဖွံ့ဖြိုးပိုင်းတွင် အဘက်ဘက်မှနောက်ကျခဲ့ရပါသည်။

## ၃။ သာစည်ကျေးရွာ တည်နေရာပြမြေပုံ



၄။

## ညောင်ပင်သာကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၁။ ညောင်ပင်သာ ကျေးရွာ

၂။ ကြက်တက်ညောင်ပင် ကျေးရွာ

၃။ နှောတော  ကျေးရွာ


စုစုပေါင်းကျေးရွာအရေအတွက် ( ၃) ရွာဖြစ်ပါသည်။

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေး အရင်းအမြစ်ပြမြေပုံ | ၁၆.၁၂.၁၇ | ရွာသူရွာ သားများ | ၄၅ | ၄၉ | ၉၄ | အိမ်အမျိုးအစား၊ အခြေခံအဆောက်အဦများ၊လမ်းပန်း ဆက်သွယ်ရေး၊ရေကန်၊သစ်တောများကို မှတ်သား ပြီး အသုံးပြုနိုင်မှု ပြဿနာများကို ဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် | ၁၆.၁၂.၁၇ | ရွာသူရွာ သားများ | ၃၄ | ၂၄ | ၅၈ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာ လုပ်ငန်းများ၊ နေ့စား ကျပန်း လုပ်ငန်းများ၊ ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း | ၁၆.၁၂.၁၇ | ရွာသူရွာသားများ | ၁၂ | ၁၇ | ၂၉ | ကျေးရွာလူမှုစီးပွား အုပ်စုခွဲခြားသတ်မှတ် နိုင်ရေး အတွက်အခြေခံစံနှုန်းများ သတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၆.၁၂.၁၇ | ရွာသူရွာသားများ | ၁၄ | ၁၈ | ၃၂ | အရင်းအမြစ်များ စာရင်းပြုစုခြင်း၊ အရင်းအမြစ်များ ကို ကျား /မ ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု၊ အသုံးပြုနိုင်မှု ကို ဆန်းစစ်လေ့လာခြင်း |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်မှု လေ့လာခြင်း | ၁၆.၁၂.၁၇ | ရွာသူ ရွာသားများ | ၁၇ | ၁၉ | ၃၆ | ကျေးရွာဖွံ့ဖြိုးရေး အတွက် ရွာတွင်း/ပြင်အဖွဲ့အစည်းအသီးသီး နှင့် မည်သို့ချိတ် ဆက်လေ့လာကြသည်ကိုဆန်းစစ်လေ့လာခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၆.၁၂.၁၇ | ရွာသူ ရွာသားများ | ၁၅ | ၁၈ | ၃၃ | အမျိုးသားနှင့်အမျိုးသမီးများ တန်းတူ အခွင့်အရေးရရှိမှု၊ မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ် ခြင်း |
| ၇ | ကျေးရွာ၏(၄)နှစ်စာ ဦးစားပေးအစီအစဉ် | ၁၆.၁၂.၁၇ | ရွာသူ ရွာသားများ | ၄၅ | ၃၉ | ၈၄ | အကျိုးခံစားခွင့်၊ အကျိုးပြုသူ ဦးရေ အဓိကလိုအပ်ချက် အ ပေါ် မူတည်၍ စီမံကိန်း ရေး ဆွဲခြင်း |
| ၈ | ပြဿနာသစ်ပင် | ၁၆.၁၂.၁၇ | ရွာသူ ရွာသားများ | ၁၁ | ၁၈ | ၂၉ | အခက်အခဲပေါ် မူတည်ပြီး အကြောင်းအကျိုး၊ အကျိုးဆက်နှင့် တကွ လေ့လာပြီး လိုအပ်ချက်ကို ဆန်းစစ် အတည်ပြုခြင်း |
| | | | | | | | |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## ကြက်တက်ညောင်ပင်ကျေးရွာ-အရင်းအမြစ်ပြမြေ



# ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ၏ လူမှုရေးနှင့် အရင်း အမြစ်ပြမြေပုံ သုံးသပ်ချက်များ

ညောင်ပင်သာကျေးရွာသည် ကျောက်ကြီးမြို့နယ် မုန်းမြောက်အရပ်တွင်တည်ရှိသည်။ မြောက်ဘက်တွင် ကျောက်ကြီးဘက်ကျေးရွာ ၊ အရှေ့ဘက်တွင် အရှေ့ရိုးမ၊တောင်ဘက်တွင် နှောတောကျင်းကျေးရွာ၊ အနောက်ဘက်တွင်ယောက်သဝချောင်းတည် ရှိပါသည်။

အိမ်ထောင်စုပေါင်း(၁၀၁၃)အိမ်ရှိပါသည်။ဗုဒ္ဓဘာသာကိုးကွယ်သောအိမ်ထောင်စုပေါင်း(၁၀၁၃)အိမ်ထောင်ရှိသည်။ အမျိုးသမီးဦးစီးသော အိမ်ထောင်စု(၈၄၈)အိမ်ရှိပြီး အမျိုးသားဦးစီးသော အိမ်ထောင်စုမှာ(၁၆၅ ) အိမ်ရှိပါသည်။ လူဦးရေမှာ အမျိုးသား(၂၃၈၆)ယောက်နှင့် အမျိုးသမီး(၂၆၄၆)ယောက်ရှိပါသည်။

**သောက်သုံးရေ**

ညောင်ပင်သာ ကျေးရွာအတွက် သောက်သုံးရေ မှာ အဆင့်မီ သောက် ရေသန့် မျိုးမဟုတ်သော်လည်း ရေတွင်း၊ရေတုံကင်မှရသော အဝီစိ ရေ သုံးစွဲနေသောအနေအထား ကိုသုံးစွဲနေခြင်းဖြစ်သည်။

**လမ်းပန်းဆက်သွယ်ရေး**

ညောင်ပင်သာ အုပ်စု၏ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်သည်။ ရွာတွင်းလမ်းမှာ CDD မှအကူအညီဖြင့် မနစ်ကကျေးရွာကွက်သစ်လမ်းများအားမြေသားလမ်းများခ ခင်းပေးခဲ့ပါသည်။ သို့သော် ရွာတွင်းလမ်းများ ကျန်ရှိနေပါသေးသည်။

**ပညာရေး**

**ညောင်ပင်သာ** ကျေးရွာတွင် အထက်တန်းကျောင်းရှိပါသည်။မူကြိုဆောင်လည်း ရှိပါသည်။ ကျောင်းဆောင်အရေအတွက်နှင့်ကျောင်းသားလုံလောက်မှုမရှိသောအနေအထားရှိပါသည်။ထို့ကြောင့်လူထုဗဟိုပြုစီမံကိန်းမှဒုတိယနှစ်စက်ဝန်းတွင်ကျောင်းဆောင်သစ်တစ်လုံးတည်ဆောက်ပေးထားပါသည်။ သို့သော် မိဘများ ၏ စီးပွားရေးအခြေအနေကြောင့် ကျောင်းမတက်နိုင်၍ အလုပ်လုပ်နေရသော ကလေးများလည်းရှိနေပါသည်။

## ကျန်းမာရေး

ညောင်ပင်သာကျေးရွာတွင်ဆေးပေးခန်းနှင့်ကျန်မာရေးဌာနရှိပါ။ကျန်းမာရေးအခြေနေရှိပါကကျေးရွာဆေးခန်းတွင်ပြကြပါသည်။အရေးပေါ် အခြေနေရှိပါကမုန်းနှင့်လှည်းလမ်းကူးသို့သွားရောက်ပြသကြပါသည်။အုပ်စုတွင်တာဝန်ကျသောသားဖွား ဆရာမလေးက လာရောက်ကုသပေးပါသည်။

## စီးပွားရေး

ညောင်ပင်သာ ကျေးရွာလူထုအများစုမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြပြီး အနည်းစုမှာ ကျပန်းလုပ်ကိုင် ကြသူများဖြစ်ကြပါသည်။ တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ နွား၊ ကျွဲ များ မွေးမြူကြပါသည်။ကျပန်းလုပ်ကိုင်သူများလည်းရှိပါသည်။မိုးလေဝသမမှန်(သို့)သဘာဝအန္တရာယ်ကျရောက်သော အခါ သီးနှံများပျက်စီး ကြရ ပါသည်။




## အနှစ်ချုပ်

ညောင်ပင်သာ ကျေးရွာ၏အဓိက ပြဿနာမှာ ကျေးရွာကြီး၍ ရွာတွင်းလမ်းများပါသည်။ အဖွဲ့အစည်းများလာရောက်ကူညီပေးသော်လည်း မပြည့်စုံသေး၍ ရွာတွင်းလမ်းများကျန်ရှိနေပါသည်။ ကျေးရွာ လူထုများလည်းစီးပွားရေး အခြေအနေကြောင့် မပြုပြင်နိုင်ပါ။ စိုက်ပျိုးရေး လုပ်ငန်းအတွက် ထိရောက်သော နည်းပညာအကူအညီ များလိုအပ်ပါသည်။ အလုပ်အကိုင်ရှားပါးမှုကြောင့် စားဝတ်နေရေး အခက်အခဲ ရှိပါသည်။ စားဝတ်နေရေး အခက်အခဲကြောင့် ကလေးများ ပညာရေးဘက်တွင် အားနည်းလာကြပြီး မိသားစု စားဝတ်နေရေး အတွက်ပါဝင်ဖြေရှင်းပြီး ခေတ်ပညာတတ်များ နည်းပါးလာကြပါသည်။

ပံ့ပိုးကူညီသူ ဦးကိုထူး ပါဝင်ဆွေးနွေးသူ ကျေးရွာလူထု ကျား( ၄၅ )၊မ ( ၄၉ )

# ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ - ညောင်ပင်သာ　　အုပ်စု -ညောင်ပင်သာ　　နေ့စွဲ - ၁၆.၁၂.၂၀၁၇

| လုပ်ငန်းများ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ကိုင်းလုပ်ငန်း | | | | | |  |  |  |  |  |  |  |
| လယ်လုပ်ငန်း | |  |  |  | | |  |  |  | |  |  |
| ပွဲတော်ချိန် |  |  | | | |  |  |  | |  |  | |
| မိုးများကာလ | |  |  |  |  |  | | | | | | |

ပံ့ပိုးကူညီသူ - ဒေါ်ဖြူဖြူသင်း　　ပါဝင်သူ - ကျား ( ၃၄ ) + မ ( ၂၄ )အညွှန်း - ၃ခု= များ　　၂ခု=
အလယ်အလတ်

# ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင် သာကျေးရွာ၏ ရာသီခွင်ပြက္ခဒိန် သုံးသပ်ချက်များ

ကျေးရွာ - ညောင်ပင်သာ

ကျေးရွာအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာလယ် လုပ်ငန်းဖြစ်ပြီး အခြားစိုက်ပျိုးရေးကို အလိုက်သင့် သလိုစိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်ကိုင်ခြင်းကို လည်းအလိုက်သင့်သလိုလုပ်ကိုင်ကြပါသည်။လယ်၊ယာလုပ်ကိုင်ခြင်းကိုကဆုန်လတွင်စတင်လုပ် ကိုင်လာကြပြီး သီတင်းကျွတ်တွင် ရိတ်သိမ်းကြပါသည်။

တန်ဆောင်မုန်းလမှစ၍ တပို့တွဲအထိ တောတက်၍ သစ်ဝါးများသွားရောက် လုပ်ကိုင်ကြပါသည်၊ အင်ဥများ၊ထင်းများ သွားရောက်လုပ်ကိုင်ကြပါသည်။ မိုးသည် ကဆုန်တွင် အနည်းငယ်စတင်ရွာသွန်းလာပြီး သီတင်းကျွတ်အထိ ရွာသွန်းနေတတ်ပါသည်။ နယုန်လမှစတင် ၍ဝင်ငွေ စတင်ကောင်းလာပြီး နတ်တော်အထိ သီနံပေါ် ချိန် ဖြစ်ပါသည်။

တန်ခူးတွင် သင်္ကြန်ရေများဆော့ကစားကြပါသည်။ ဝါဆိုတွင် ဝါတွင်းဘုန်းတော်ကြီးကျောင်းတွင်အလှူများပြု၍ ကုသိုလ်ယူကြပါသည်။ သီတင်းကျွတ်တွင်လည်း ဥပုဒ်အထွက် အလှူလုပ်ကြပါသည်။ တန်ဆောင်မုန်းလတွင် ကထိန်ခင်းပွဲ ရှိပါသည်။

ပြဿနာအနှစ်ချုပ်

လတိုင်းတွင် ကျေးရွာလူထုမှပုံမှန်ဝင်ငွေ မရှိ၍ အဆင်မပြေမှု များရှိကြောင်း တွေ့ရပါသည်။ ထို့ကြောင့် လူမှုရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အဆင်မပြေချိန် တွင် အတိုးချေး ၍ ဖြေရှင်းကြရပါသည်။

# ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ညောင်ပင်သာ　　အုပ်စု - ညောင်ပင်သာ　　နေ့စွဲ - ၁၆.၁၂.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊တိုက်အိမ်၊လယ် ၁၀ဧက အထက်၊ထော်လာဂျီ၊ဆိုင်ကယ် | ၁၈၇ | ၁၈.၄% |
| အလယ်အလတ် | အင်ဖက်မိုး၊ထရံကာ၊လယ် ၂ဧကနှင့်အထက်၊ဆိုင်ကယ် | ၅၅၀ | ၅၄.၂၉% |
| နွမ်းပါး | အင်ဖက်မိုး၊ထရံကာ၊စက်ဘီး၊သက်ကယ်မိုး | ၁၅၀ | ၁၄.၈၀% |
| အနွမ်းပါးဆုံး | | ၁၂၆ | ၁၂.၄၃% |
| စုစုပေါင်း | | ၁၀၁၃ | ၁၀၀ |

ပွဲမိုးကူညီသူ - ဦးကိုထူး　　ပါဝင်သူ - ကျား ( ၁၂ ) + မ ( ၁၇ )

## ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင်သာ ကျေးရွာ၏ ဥစ္စာဓန ခွဲခြားမှု သုံးသပ်ချက်များ

ရက်စွဲ၊ ၁၆-၁၂-၂၀၁၇။

ညောင်ပင်သာ ကျေးရွာ၏ လူမှုအခြေဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက်ပုံစံ အရ ချမ်းသာအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးအုပ်စု ဟူ၍ (၄)မျိုးရှိပါသည်။လယ် ၁၀ဧက၊ ပျဉ်ထောင်၊ပျဉ်ခင်း၊ သွပ်မိုး၊ ထော်လာဂျီစသည်တို့ပိုင်ဆိုင်ပြီး ငွေပိုငွေလျှံရှိသောသူများကို အဆင့် (၁)အဖြစ်သတ်မှတ်ပါသည်။ အိမ်ထောင်စု (၁၈၇ ) စုရှိပြီး ရာခိုင်နှုန်းအားဖြင့် ( ၁၈.၄ )% ဖြစ်ပါသည်။

အင်ဖက်မိုး၊ လယ် ၂ဧက၊ ထရံကာ၊ ဆိုင်ကယ်ရှိပြီး ကြွေးမြီမရှိသူများကို အလယ် အလတ်ဖြင့် သတ်မှတ်ပါသည်။ အိမ်ထောင်စု ( ၅၅၀) စုရှိပြီး ရာခိုင်နှုန်းအားဖြင်( ၅၄.၂၉)% ဖြစ်ပါသည်။

အင်ဖက်မိုး၊ ထရံကာ၊ စက်ဘီးရှိပြီး၊သက်ကယ်မိုး ကျပန်း လုပ်ကိုင်သူကို နွမ်းပါးအဖြစ်သတ်မှတ်ပါသည်။ အိမ်ထောင်စု (၁၅၀) စုရှိပြီး ရာခိုင်နှုန်း အားဖြင့် (၁၄.၈၀)% ဖြစ်ပါသည်။

အင်ဖက်မိုး၊ယင်းကာ၊ဝါးတိုင်ဖြစ်ပြီး မြေနေရာမရှိ ကျပန်းလုပ်ကိုင်စားရပြီးကြွေးမြီများသော အိမ်ထောင်စုများကို အလွန်နွမ်းပါးအဖြစ်သတ်မှတ်ပါသည်။ အိမ်ထောင်စု(၁၂၆) ရာခိုင်နှုန်းအား ဖြင့် (၁၂.၄၃) % ရှိပါသည်။

**ပြဿနာ အနှစ်ချုပ်**

ညောင်ပင်သာ ကျေးရွာတွင် ကျပန်းလုပ်ကိုင်သူနှင့် ဉယျာဉ်ခြံနည်းပါးသူများ နွမ်းပါးကြပါသည်။ ရာသီဥတုကြောင့်ခြံထွက်သီးနှံများ ဆုံးရှုံးသည်ကများပါသည်။ ဝင်ငွေထွက်ငွေမမျှတမှုကြောင့် ကြွေးတင်ကြရပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများကို ပြုပြင်ရန် မတတ်နိုင်ကြပါ။

ပါဝင်ဆွေးနွေးသူ၊ ( ၂၉ )ဦး

# အရင်းအမြစ်ပိုင်ဆိုင်အသုံးပြုမှု

ကျေးရွာ - ညောင်ပင်သာ　　　　အုပ်စု - ညောင်ပင်သာ　နေ့စွဲ - ၁၆.၁၆.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| ကျွဲ | အပ်ချုပ်စက် | လယ် |
| နွား | | ကိုင်း |
| | | ခြံ |
| | | အိမ် |

ပံ့ပိုးကူညီသူ - ဒေါ်ဖြူဖြူသင်း　　　ပါဝင်သူ - ကျား ( ၁၄) + မ (၁၈ )

# ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း

ကျေးရွာ -ညောင်ပင်သာ　　အုပ်စု - ညောင်ပင်သာ　　နေ့စွဲ - ၁၆.၁၂.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| ကျွဲ | အပ်ချုပ်စက် | လယ် |
| နွား | | ကိုင်း |
| | | ခြံ |
| | | အိမ် |
| | | |

ပံ့ပိုးကူညီသူ - ဒေါ်ဖြူဖြူသင်း　　　ပါဝင်သူ - ကျား ( ၁၄ ) + မ ( ၁၈ )

# ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာ ကျေးရွာအုပ်စု၊ ညောင်ပင်သာ ကျေးရွာ၏ အရင်းပိုင်ဆိုင်မှုကို အသုံးပြုမှု နှင့် ထိန်းချုပ်ခြင်း သုံးသပ်ချက်များ

ရက်စွဲ၊ ၁၆-၁၂-၂၀၁၇

ညောင်ပင်သာကျေးရွာတွင်အရင်းအမြစ်များအဖြစ်လယ်၊လှည်း၊နွား၊ဆိုင်ကယ်၊စက်ဘီး၊ အပ်ချုပ်စက်၊ခြံ ၊အိမ် တို့ပိုင်ဆိုင် ကြပါသည်။

လယ်၊အိမ်၊ စက်ဘီးနှင့် ဆိုင်ကယ်တို့ကို အမျိုးသမီးနှင့်အမျိုးသား များအတူတူ အသုံးပြုကြ ပြီး အတူတူညှိနှိုင်းဆုံးဖြတ်ကြပါသည်။

နွား၊ လှည်းကို အမျိုးသားများကသာ အများဆုံးအသုံးပြုသော်လည်း ဆုံးဖြတ်ချက် ချရာတွင် အမျိုးသမီးနှင့် အမျိုးသားများ အတူတူညှိနှိုင်း ဆုံးဖြတ်ကြပါသည်။

အပ်ချုပ်စက်/ကိုအမျိုးသမီးများကသာအများဆုံးအသုံးပြုကြသော်လည်းဆုံးဖြတ်ချက်ချရာတွင် အမျိုးသားနှင့်အမျိုးသမီးများအတူတူ ဆုံးဖြတ်ချက် ကြပါသည်။

အနှစ်ချုပ်

ပိုင်ဆိုင်မှုများကို သုံးစွဲမှုမတူကြသော်လည်း ဆုံးဖြတ်ချက်ချသောအခါ အပေးအယူ မျှမျှဖြင့် အတူတကွညှိ နှိုင်းဆုံးဖြတ်သွားကြပါသည်။

ပါဝင်ဆွေးနွေးသူ( ၃၂ )ဦး။

# ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင်သာ ကျေးရွာ၏ ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း သုံးသပ်ချက်များ

ရက်စွဲ၊ ၁၆-၁၂-၂၀၁၇။

ကြက်တက်ညောင်ပင်ကျေးရွာ၏အရင်းအမြစ်ထိန်းချုပ်မှုခွဲခြမ်းစိတ်ဖြာခြင်းတွင်အမျိုးသား၊အမျိုးသမီးများထိန်းချုပ်သောအရင်းအမြစ်များမှာလည်း၊ထွန်စက်၊အပ်ချုပ်စက်၊ဂက်၊အိမ်၊နွား၊ဆိုင်ကယ်၊လယ်တို့ဖြစ်ပါသည်။အမျိုးသားများအများဆုံးထိန်းချုပ်သောအရင်းအမြစ်များမှာလည်း၊ကျွဲ၊နွားများကိုအသုံးပြုကြပါသည်။ကျန်အရင်းအမြစ်များကိုမူအတူတကွရယူသုံးစွဲကြပါသည်။အမျိုးသမီးများသည်၊အပ်ချုပ်စက်၊တို့ကိုထိန်းချုပ်အသုံးပြုကြပါသည်။


**ပြဿနာအနှစ်ချုပ်**

**အ**မျိုးသမီးများသည် အရင်းမြစ်ထိန်းချုပ်မှုတွင်အနည်းငယ်သာရှိသည်ကိုတွေ့ရပါသည်။ အမျိုးသမီးများသည်အရင်းအမြစ်များအပေါ် ထိန်းချုပ်မှုနည်းနေခြင်းမှာအိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများထိန်းချုပ်နိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ( ၃၂ )ဦး။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ -ညောင်ပင်သာ　　အုပ်စု - ညောင်ပင်သာ　　နေ့စွဲ - ၁၆.၁၂.၂၀၁၇




ပံ့ပိုးကူညီသူ - ဦးကိုထူး　　ပါဝင်သူ - ကျား ( ၁၇ ) + မ ( ၁၉

# ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင်သာ ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား သုံးသပ်ချက်များ

ရက်စွဲ၊ ၁၆-၁၂-၂၀၁၇။

| စဉ် | ကျေးရွာအတွင်းအဖွဲ့အစည်းများ | ပြင်ပအဖွဲ့အစည်းများ |
|---|---|---|
| ၁ | ကျေးရွာဥက္ကဌ | အုပ်စု အုပ်ချုပ်ရေး(ဥက္ကဌ) |
| ၂ | စည်ပင် | ပညာရေး |
| ၃ | မိခင်နှင့်ကလေး | တပ်မတော် |
| ၄ | လူမှုရေးအဖွဲ့ | ရဲတပ်ဖွဲ့ |
| ၅ | ကျောင်းကော်မတီ | ကျန်းမာရေးအဖွဲ့ |
| ၆ | ဆယ်အိမ်မှုး | CDD |
| ၇ | ဂေါပကအဖွဲ့ | |
| ၈ | အရံမီးသတ် | |
| ၉ | CDD | |
| ၁၀ | ကျေးရွာနာယက | |

ညောင်ပင်သာကျေးရွာအတွင်းအဖွဲ့အစည်းများမှာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊လူမှုရေးအဖွဲ့၊ကျောင်းကော်မတီ၊လူမှုရေးအဖွဲ့၊ရံမီးသတ်ဆယ်အိမ်မှုး၊ဂေါပက။CDDတို့ဖြစ်ပါသည်။ပြင်ပအဖွဲ့အစည်းများမှာအုပ်စုအုပ်ချုပ်ရေး(ဥက္ကဌ)၊ရဲတပ်ဖွဲ့၊တပ်မတော်၊ပညာရေးရုံး။CDDရုံး၊မြို့နယ်ပညာရေးမှုးရုံးတို့ဖြစ်ပါသည်။

ကျေးရွာ၏အဓိကဖွံ့ဖြိုးရေးကိုလုပ်ဆောင်ပေးသောအဖွဲ့အစည်းများမှာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊တို့ဖြစ်ပါသည်။ကျန်အဖွဲ့အစည်းများမှာလည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်၍ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ဆောင် ရွက်ပေးကြပါသည်။


ပြဿနာ အနှစ်ချုပ်

ကျေးရွာလူထုများသည် မိမိကျေးရွာ အတွင်းနှင့် အပြင် မှအဖွဲ့ အစည်းများ ပတ်သက်ဆက်နွယ် မှုရှိနေသည်ကို မသိခြင်း၊ ဗဟုသုတနည်းပါးခြင်းကြောင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းသည်ကိုတွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ( ၃၆ )ဦး။

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ -ညောင်ပင်သာ　　အုပ်စု - ညောင်ပင်သာ　　နေ့စွဲ - ၁၆.၁၂.၂၀၁၇




ပွဲပိုးကူညီသူ - ဒေါ်ဖြူဖြူသင်း　　ပါဝင်သူ - ကျား ( ၂၅ ) + မ ( ၂၀ )

# ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ၏ ပင့်ကူအိမ် သုံးသပ်ချက်များ

ရက်စွဲ၊ ၁၆-၁၂-၂၀၁၇။

ညောင်ပင်သာ ကျေးရွာရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်အခြေအနေများကို ခေါင်းစဉ်တစ်ခုဖြင့် ဆွေးနွေးခဲ့ကြပါသည်။ (၁) ကျန်းမာရေး၊ (၂) ပညာရေး၊ (၃) ဦးဆောင်မှု (၄) အလုပ်အကိုင်ရရှိမှု၊ (၅) အိမ်မှု ကိစ္စ၊ (၆) ဆုံးဖြတ်ချက်၊ (၇) ဝင်ငွေရှိမှု၊ (၈) လူမှုရေး တို့ဖြစ်ပါသည်။

**(၁) ကျန်းမာရေး**

ကျေးရွာရှိအမျိုးသမီးများကျန်းမာရေးမှာ(၈၀)ရာခိုင်နှုန်းရှိပြီးအမျိုးသားများ၏ကျန်းမာရေးမှာ(၆၀)ရာခိုင်နှုန်းဖြစ်ပါသည်။အမျိုးသမီးများနှင့်အမျိုးသားများ မိသားစုကျန်းမာရေးအတူတကွဂရုစိုက်ပေးကြပါသည်။

**(၂) ပညာရေး**

ကျေးရွာရှိအမျိုးသား/အမျိုးသမီးများ၏ ပညာရေးလက်လှမ်းမှီမှု သုံးသပ်ချက်တွင် အမျိုးသား(၉၀) အမျိုးသမီး (၉၀)ရှိ ပါသည်။မိသားစု စားဝတ်နေရေး အဆင်မပြေကြသော်လည်း သားနှင့်သမီးကို အတူတူပညာသင်ပေးကြပါသည်။

**(၃) ဦးဆောင်မှု**

အမျိုးသားနှင့်အမျိုးသမီးဦးဆောင်မှုတွင်အမျိုးသားများသည်ဦးဆောင်မှုပိုကာ(၁၀၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများသည်ဦးဆောင်မှုတွင်အမျိုးသားများထက်နည်းသောရာခိုင်နှုန်းဖြင့်တည်ရှိနေပါသည်။အမျိုးသမီးများသည်(၇၀)ရာခိုင်နှုန်းသာရှိရခြင်းမှာမိသားစုစားသောက်ရေးအတွက်အိမ်မှုကိစ္စများကိုလုပ်ဆောင်နေရခြင်းနှင့် မိမိကိုယ်တိုင် ဦးဆောင်နိုင်ရန်ယုံကြည်မှု အားနည်းနေခြင်းကြောင့် ဖြစ်ပါသည်။

**(၄) အလုပ်အကိုင်ရရှိမှု**

ကျေးရွာရှိအမျိုးသားများသည်စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းတွင်(၁၀၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည်(၇၀၀)ရာခိုင်နှုန်းသာရှိပါသည်။ဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်းနှင့်လက်လုပ်လက်စားနေ့စားလုပ်ငန်းများတွင်အမျိုးသားများကသာဦးဆောင်လုပ်ကိုင်နေရခြင်းကြောင့်အလုပ်အကိုင်ရရှိမှုတွင်အမျိုးသမီးများထက်အမျိုးသားများကရာခိုင်နှုန်းများနေခြင်းဖြစ်ပါသည်။အမျိုးသမီးများသည်ကောက်စိုက်ချိန်များတွင်သာ လယ်ယာစိုက်ပျိုးရေးကို လုပ်ဆောင်ကြရသည်။

**(၅) အိမ်မှုကိစ္စ**

ကျေးရွာ၏ အိမ်မှုကိစ္စဂရုစိုက်နိုင်မှုတွင် အမျိုးသားများသည် (၇၀)ရာခိုင်နှုန်းရှိသည်။ အမျိုးသမီး များသည် အိမ်မှုကိစ္စတွင် (၁၀၀)ရာခိုင်နှုန်းပါဝင်ဆောင်ရွက်ကြရသည်။ အမျိုးသမီးများသည် အမျိုးသားများ ထက် ရာခိုင်နှုန်းများနေရခြင်းမှာ ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ်၊ သား/သမီးများ၏ ဝေယျာဝစ္စများကို နေ့စဉ်လုပ်ဆောင်ပေးရခြင်းကြောင့်ဖြစ်ပါသည်။အမျိုးသားများ၏ အိမ်မှုကိစ္စတွင် ပါဝင်ကူညီမှု အလွန်အားနည်းနေသည်ကိုလဲ သိရှိရပါသည်။

**(၆) ဆုံးဖြတ်ချက်**

ဆုံးဖြတ်ချက်ချမှုကဏ္ဍတွင် အမျိုးသားများသည်(၄၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများ၏ဆုံးဖြတ်ချက်နိုင်မှုမှာ(၆၀)ရာခိုင်နှုန်းရှိပါသည်။ ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသားများအား အကြံဉာဏ် ကောင်းများပေးနိုင်ပြီး အတူတကွပူးပေါင်းဆောင်ရွက်ပေးပါသည်။

**(၇) ဝင်ငွေရရှိမှု**

ကျေးရွာ၏ဝင်ငွေရရှိမှုအခြေအနေသုံးသပ်ချက်တွင်အမျိုးသားများသည်(၁၀၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည်(၆၀)ရာခိုင်နှုန်းရှိပါသည်။အမျိုးသမီးများသည်အမျိုးသားများသည်အလုပ်အကိုင်အခွင့်အလမ်းနည်းသောလည်းဝင်ငွေရရှိမှုတွင်အမျိုးသားနှင့်တန်းတူညီရခြင်းမှာ အမျိုးသမီးများ အိမ်တွင်နေရသော်လည်း အိမ်တွင် စက်ချုပ်၍ဝင်ငွေရှာနေကြပါသည်။

**(၈)လူမှုရေး။**


ကျေးရွာ၏လူမှုရေးလုပ်ငန်းတွင်အမျိုးသားများသည်(၈၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည်(၈၀)ရာခိုင်နှုန်းရှိပါသည်။အမျိုးသားများသည် စားဝတ်နေရေးအတွက် ရုန်းကိုင်နေရသော်လည်းအဖွဲ့အစည်းများတွင်အားလုံးဝင်ရောက်၍လုပ်ကိုင်ဆောင်ရွက်ခြင်း၊အမျိုးသမီးများလည်း ကျေးရွာတိုးတက်ရေးနှင့် သာရေး၊နာရေးများတွင်ကျရာလူမှုရေးတာဝန်များကို အမြဲလုပ်ဆောင်နေပါသည်

ပါဝင်ဆွေးနွေးသူ( ၄၅ )ဦး

# ပြဿနာသစ်ပင်

ကျေးရွာ - ညောင်ပင်သာ　　အုပ်စု ညောင်ပင်သာ　　နေ့စွဲ - ၁၆.၁၂.၂၀၁၇

**အမျိုးသား၊အမျိုးသမီး**






**ပံ့ပိုးကူညီသူ - ဦးကိုထူး**　　ပါဝင်သူ - ကျား ( ၁၃ ) ၊မ ( ၁၈ )

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ၏ သွားလာရေးအခက်အခဲပြဿနာသစ်ပင် သုံးသပ်ချက်

ရက်စွဲ၊ ၁၆-၁၂-၂၀၁၇။

ညောင်ပင်သာ ကျေးရွာ၏ အဓိကရင်ဆိုင်ရသောပြဿနာ မှာ ရွာတွင်းလမ်းမကောင်းခြင်း ဖြစ်သည်။ ရွာတွင်းလမ်း မကောင်းရခြင်း အကြောင်းများစွာရှိပါသည်။ အကြောင်းအရင်း(၁) လမ်းပခုံးမရှိခြင်း(၂) ရေမြောင်းမရှိခြင်း၊(၃)ရေဝတ်ခြင်း၊(၄) ပြုပြင်ရန် ရန်ပုံငွေမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ရွာတွင်းလမ်းများမကောင်း၍ ရွာတွင်းရှိ ကျောင်းသားများ ကျောင်းသွားရာတွင် အခက်အခဲရှိခြင်း၊ ရွာသားများလည်း မိုးတွင်းအချိန်တွင် သွားလာရန်ခက်ခဲခြင်း၊ထွက်ကုန်သီးနှံများ ကိုဈေးကွက်သို့ အချိန်မှီ မပို့ဆောင်နိုင်ခြင်း၊ ရွာတွင်းလမ်းမကောင်း၍ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ စီးပွားရေးတွင်လည်းနောက်ကျကျန်နေ ရခြင်း၊မိုးတွင်းအချိန်တွင် ကျန်းမာရေး အခက်အခဲပေါ်လာလျှင် ရွာတွင်းလမ်းမကောင်း၍ နောက်နေး ခဲ့ရခြင်း စသော ဆိုးကျိုးရလဒ်များစွာရှိပါသည်။

အနှစ်ချုပ်

ညောင်ပင်သာကျေးရွာအများစုအိမ်ခြေ၏စီးပွားရေးအခြေအနေမှာအဆင်မပြေသောသူများနေပါသည်။ ဉယျာဉ်လုပ်ငန်းနှင့်ကျပန်းလုပ်ကိုင်နေသူများဖြစ်ကြပါသည်။ရွာတွင်ဗဟုသုတနည်းပါးသည်ကတစ်ကြောင်းစီးပွားရေးအခြေအနေကတစ်ကြောင်းပြုပြင်တိုးချဲ့ရန်အဆင်မပြေကြပါ။အနာဂါတ်မျိုးဆက်သစ်များ အဆင်ပြေသွားလာနိုင်ရန်အတွက် ရွာတွင်းလမ်းကိုကွန်ကရစ်လမ်းခင်းရန် တစ်ရွာလုံးဆန္ဒဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း အတည်ပြုကြပါသည်။

# ကျေးရွာဦးစားပေးဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ကျေးရွာ - ညောင်ပင်သာ　　အုပ်စု - ညောင်ပင်သာ　　နေ့စွဲ - ၁၆.၁၂.၂၀၁၇

| စဉ် | အမျိုးသားဦးစားပေး | | အမျိုးသမီးဦးစားပေး |
|---|---|---|---|
| ၁ | စာသင်ကျောင်းတည်ဆောက်ခြင်း | | စာသင်ကျောင်းတည်ဆောက်ခြင်း |
| ၂ | ကျောင်းခြံစည်းရိုးကာရံခြင်း | | ကျောင်းခြံစည်းရိုးကာရံခြင်း |
| ၃ | ကျောင်းအဝင်လမ်းကွန်ကရစ်ခင်းခြင်း | | ကျောင်းအဝင်လမ်းကွန်ကရစ်ခင်းခြင်း |
| ၄ | ကျေးရွာအားကစားကွင်း | | ကျေးရွာအားကစားကွင်း |
| ၅ | ကျေးရွာဘက်စုံသုံးခန်းမ | | ကျေးရွာဘက်စုံသုံးခန်းမ |
| ၆ | စိုက်ပျိုးရေးသင်တန်း | | အပ်ချုပ်၊စိုက်ပျိုး၊မွေးမြူရေးသင်တန်းဖ |
| ၇ | စက်မှုသင်တန်း | | |
| ၈ | | | |

ပွဲပိုးကူညီသူ - ဦးကိုထူး　　ပါဝင်သူ - ကျား ( ၄၅ )　　မ( ၃၉ )

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - ညောင်ပင်သာ　　အုပ်စု - ညောင်ပင်သာ　　နေ့စွဲ - ၆.၁၀.၂၀၁

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးဇော်လွင် | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂။ | ဒေါ်တင်နွဲ | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃။ | ကိုကျော်မင်းစိုး | ဂယ်ယူရေးကော်မတီဥက္ကဌ |
| ၄။ | မလဲ့ရည်မွန် | ဂယ်ယူရေးကော်မတီအဖွဲ့ဝင် |
| ၅။ | ဦးမောင်မောင် | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ |
| ၆။ | ဦးတင်လှိုင်ပု | စောင့်ကြည့်ကြီးကြပ်ရေကော်မတီအဖွဲ့ဝင် |
| ၇။ | ဒေါ်သောင်းကြည် | စောင့်ကြည့်ကြီးကြပ်ရေကော်မတီအဖွဲ့ဝင် |
| ၈။ | ဦးမျိုးထက် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၉။ | ကိုမင်းမင်းစိုး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၁၀။ | မအိဖြူကျော် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၁၁။ | ကိုရဲသွေးအောင် | ငွေစာရင်းကိုင် |
| ၁၂။ | ကိုအောင်ငွေသိန်း | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃။ | ဒေါ်သန်းသန်း | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄။ | ကိုလှစိုး | စေတနာ့ဝန်ထမ်း |
| ၁၅။ | ကိုလှမင်း | စေတနာ့ဝန်ထမ်း |
| ၁၆။ | မဂျာမိုင် | ဂယ်ယူရေးကော်မတီအဖွဲ့ဝင် |
| ၁၇။ | | |

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးဆောင်ရွက်နေမှု




စီမံကိန်းလုပ်ငန်းစဉ်များအားရှင်းလင်းစဉ်

၈။

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင်အမည် ဦးတင်မောင်ဦး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09794201047 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးကျော်ထူး |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ရေသာင်ယင်သာ | ကျေးရွာ ရွှာလပ်သာ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | 1013 | ဘာသာ (၁) ---ဗုဒ္ဓ--- | 1013 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 59 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 200 | | |
| စစ်ဘေးရှောင် | — | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ | 2386 | 2646 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 348 | 165 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | <u>ကတ္တရာလမ်း</u> | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁---/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------၁------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------
မိုးရာသီတွင်ကြာချိန်------------၁------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

✓ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------------------
(၂) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ✓ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး[illegible]
လက်မှတ် [signature] နေ့စွဲ ၁၇.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦး[illegible]
လက်မှတ် [signature] နေ့စွဲ ၁၇.၁၀.၂၀၁၇

၉။

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)


**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးလှိုင်ဝေ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) | |
| နေ့စွဲ ၁၄.၁၀.၂၀၁၇ | | □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဆောင်ပင်သာ | ကျေးရွာ ဆောင်ပင်သာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၇.၁၀.၂၀၁၇ | ၁၇.၁၀.၂၀၁၇ | ၁၉၀ | ၂၅၇ | ၄၄၇ | ဗမာ | ၄၄၇ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၆.၁၁.၁၇ | ၁၆.၁၁.၁၇ | 396 | 384 | 780 | ဗမာ | 780 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၄.12.17 | ၁၄.12.17 | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၆.၂.၁၈ | ၂၆.၂.၁၈ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂.၃.၁၈ | ၂၂.၃.၁၈ | 375 | 427 | 802 | ဗမာ | 802 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၂.၃.၁၈ | ၂၂.၃.၁၈ | ၃၇၅ | ၄၂၃ | ၈၀၃ | ၆၆၈ | ၈၀၂ |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၂.၃.၁၈ | ၂၂.၃.၁၈ | ၃၇၅ | ၄၂၃ | ၈၀၂ | ၆၆၈ | ၈၀၂ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၂.၃.၁၈ | ၂၂.၃.၁၈ | ၃၇၅ | ၄၂၃ | ၈၀၂ | ၆၆၈ | ၈၀၂ |
| ၆.၄။ ခြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၂-၃-၁၈ | ၂၂.၃-၁၈ | ၃၇၅ | ၄၂၃ | ၈၀၂ | ၆၆၈ | ၈၀၂ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

၁၀။



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကိုထူး | | | |
| နေ့စွဲ ၁၉ . ၅ . ၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ () □ စက်ဝန်း(၁) □ စက်ဝန်း(၂) □✓ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ဆော်ပင်သာ | ကျေးရွာ<br>ဆော်ပင်သာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စာသင်ဆောင်များ မလုံလောက်သော ကြောင့် စာသင်ရာတွင် ခက်ခဲဖြစ် | ၁ | စာသင်ဆောင်များလုံလောက်မှုမရှိသော ကြောင့် စာသင်ရာတွင် အခက်အခဲရှိပါသည်။ |
| ၂ | ကျောင်းခြံစည်းရိုးလုံခြုံမှုမရှိ သောကြောင့် လုံခြုံမှုအခက်ခဲ | ၂ | ကျောင်းဝင်လမ်းများမကောင်းသော ကြောင့် ကျောင်းသားများ သွားလာရေး အခက်အခဲ |
| ၃ | အားကစားကွင်းမရှိသောကြောင့် အားကစားပွဲများကျင်းပရာတွင်အခက်ခဲ | ၃ | ကျောင်းအားကစားကွင်းမရှိသောကြောင့် ကလေးများကစားရာတွင် အခက်အခဲရှိ |
| ၄ | [illegible]မရှိသောကြောင့် အညစ် အကြေးပြုလုပ်ရာတွင် အခက်အခဲ | ၄ | ကျေးရွာသန့်ရှင်းရေးဆောင်မရှိသောကြောင့် အညစ်အကြေးပြုလုပ်ရာတွင် အခက်အခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စာသင်ဆောင်များလုံလောက်ချင် တယ်။ | ၁ | ကောင်းမွန်သောစာသင်ဆောင်များရှိချင် သည်။ |
| ၂ | ခိုင်ခံ့သောကျောင်းခြံစည်းရိုးဖြင့် ရှိချင်သည်။ | ၂ | ကျောင်းဝင်ကွန်ကရစ်လမ်းများရှိ ချင်သည်။ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | ကောင်းမွန်သောအားကစားကွင်း လိုချင်သည်။ | ၃ | ကျောင်းအားကစားကွင်းရှိချင်သည်။ |
| ၄ | ကျေးရွာတွင်းခန်းမလိုချင်ပါသည်။ | ၄ | ကောင်းမွန်သောခန်းမဆောင်လိုချင်သည်။ |
| ၅ | စိုက်ပျိုးရေးသင်တန်းလိုချင်သည်။ | ၅ | စက်ချုပ်သင်တန်းလိုချင်သည်။ |
| ၆ | စက်မှုသင်တန်းလိုချင်သည်။ | ၆ | |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ဆောင်တည်ဆောက်ခြင်း။ | ကျ+မ | ၂၀၀၀၀၀၀၀ိ/ | |
| ၂ | ကျောင်း၊ ဆေးပေးခန်းရုံးနှင့် အဝင်လမ်းခင်းခြင်း၊ | ကျ+မ | ၁၅၀၀၀၀၀၀ိ/ | |
| ၃ | ကျေးရွာကစားကွင်း၊ | ကျ+မ | ၂၀၀၀၀၀၀၀ိ/ | |
| ၄ | ခန်းမဆောင် | ကျ+မ | ၂၀၀၀၀၀၀၀ိ/ | |
| ၅ | | | | |

၁၁။ လွန်ခဲ့သည့် (၃) နှစ်အတွင်း အကောင်အထည်ဖော်ခဲ့သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခြေအနေ/ကာလ |
|---|---|---|---|
| ၁ | [illegible] | [illegible] | |
| ၂ | [illegible] | [illegible] | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီမှ အတည်ပြုသည်။

အမည် ဦး [illegible] လက်မှတ် [signature] နေ့စွဲ [illegible] • ၁၂ • ၂၀၁၉

၁၁။ **အစည်းအဝေးမှတ်တမ်းများ**

၂၀၁၇ခုနှစ် အောက်တိုဘာလ(၆)ရက်နေ့ ညောင်ပင်သာကျေးရွာအုပ်စု ညောင်ပင်သာ ကျေးရွာ ကျင်းပပြုလုပ်သောပထမအကြိမ်အစည်းအဝေးမှတ်တမ်း

၁။အစည်းအဝေးတက်ရောက်သူများ

အောက်ပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ပါသည်။

*ဒေါ်မိမိထွေး - လက်ထောက်နည်းပညာမှူး

*ဦးကိုထူး -လူထုစည်းရုံးရေးမှူး

*ဒေါ်ဖြူဖြူသင်း -လူထုစည်းရုံးရေးမှူး

* ကျေးရွာလူထု - PC -12 ပါအတိုင်း

၂။ရည်ရွယ်ချက်

အစည်းအဝေးကျင်းပရခြင်း၏ရည်ရွယ်ချက်မှာကျေးရွာလူထုအနေဖြင့်စီမံကိန်းအပေါ် နားလည်သဘောပေါက်
ရန်နှင့်စီမံကိန်းကိုလူထုအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ဦးစားပေးလုပ်ငန်းနှင့်ကော်မတီဝင်များရွေးချယ်တတ်ရန်

၃။ ဆွေးနွေးချက်

လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးကို နံနက် (၈) နာရီ တွင်စတင်ပြီး အစည်းအဝေး အစီအစဉ်ကို ဖတ်ကြားခဲ့ပါသည်။ ပြီးနောက်စီမံကိန်း အကြောင်းကို အသေးစိတ်ပြန်လည် ရှင်းပြခဲ့ပါသည်။ စီမံကိန်းအကြောင်းပြန်လည် ရှင်းပြပြီးနောက် တက်ရောက်လာသော လူထုများကို ရန်ပုံငွေ ထောက်ပံ့ပုံများ ၊ပါဝင်သူများ၏အခန်းကဏ္ဍများ ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်၊ ကျား-မ ရေးရာ အခန်းကဏ္ဍများ ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်

ထို့နောက် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကိုရှင်းလင်းပြီး အခက်အခဲအမျိုးမျိုး တွေ့နိုင်ကြောင်း တင်ပြလာပါသည်။ တစ်ချို့သော ကော်မတီများက မိမိတို့တွင် စီးပွားရေး အဆင်မပြေခြင်း၊ ကျန်းမာရေးမကောင်း သောကြောင့် ကော်မတီမှ အနားယူချင်ကြောင်း တင်ပြလာသောကြောင့် ထွက်သွားသောကော်မတီများနေရာတွင် ကျေးရွာလူထုမှ အဆိုပြုစနစ် ဖြင့်ကော်မတီ အသစ် ရွေးချယ်ခဲ့ကြပါသည်။

ထို့နောက်ကျေးရွာလူထု တင်မြောက်ခဲ့သော ကော်မတီများအနက်စီ/ ထောက်ဥက္ကဌ(၂)ဦး၊ ဝေဖန်အကြံပြုကိုယ်စားလှယ်(၂)ဦး၊ ငွေစာရင်းကိုင် တို့ကို အုပ်စု အစည်းအဝေးသို့ တက်ရောက်၍ အုပ်စု ကော်မတီ အရွေးခံနိုင်ကြောင်း ရှင်းပြခဲ့ပါသည်။ထို့နောက် လူထုစည်းရုံးရေးမှုးမှ ယနေ့အစည်းအဝေး ကို ပြန်လည်အနစ် ချုပ်ပြီး အစည်းအဝေးကို နေ့လည် (၁၁း၃၀)တွင် ရုပ်သိမ်းခဲ့ကြပါသည်။

**၁၂။ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့ ညောင်ပင်သာ ကျေးရွာအုပ်စု ညောင်ပင်သာ ကျေးရွာတွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း**

၁။အစည်းအဝေးတက်ရောက်သူများ

အောက်ပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ပါသည်။

ဦးကိုထူး -လူထုစည်းရုံးရေးမှူး

ဒေါ်ဇာလီထွန်း -လက်ထောက်နည်းပညာမှူး

ကိုဇာနည်အောင် -လက်ထောက်နည်းပညာမှူး

မဖြူဖြူသင်း -လူထုစည်းရုံးရေးမှူး

မဝတ်ရည်လှိုင် -လူထုစည်းရုံးရေးမှူး

မသြဂတ်စတီးနား -လူထုစည်းရုံးရေးမှူး

မအိအိသိမ် -လက်ထောက်နည်းပညာမှူး

ကျေးရွာလူထု - PC -12 ပါအတိုင်း

၂။ရည်ရွယ်ချက်
အစည်းအဝေးကျင်းပရခြင်း၏ရည်ရွယ်ချက်မှာကျေးရွာလူထုအနေဖြင့်စီမံကိန်းအပေါ် နားလည်သဘောပေါက်ရန်နှင့်စီမံကိန်းကိုလူထုအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ဦးစားပေးလုပ်ငန်းနှင့်ကော်မတီဝင်များရွေးချယ် တတ်ရန်

၃။ ဆွေးနွေးချက်

လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးကို နံနက် (၈း၃၀)နာရီတွင် စတင်ပြီး အစည်းအဝေး အစီအစဉ်ကို ဖတ်ကြားခဲ့ပါသည်။စီမံကိန်းအကြောင်းပြန်လည်ရှင်းပြပြီး တက်ရောက်လာသော ကျေးရွာလူထုများကို ယနေ့ပြုလုပ်သောအစည်းအဝေးကိုရှင်းပြပြီး အဖွဲ့(၂)ဖွဲ့ခွဲကာ PRA တစ်ခုချင်းစီ ၏

ရည်ရွယ်ချက် ကိုရှင်းပြပါသည်။ PRA ရည်ရွယ်ချက်ကိုရှင်းပြပြီးနောက် PRA များရေးဆွဲခဲ့ပါသည်။ ရရှိလာသော PRA များကို ပြန်လည် တင်ပြကြပါသည်။

ပြီးနောက် ကျေးရွာအခက်အခဲနှင့်ပြဿနာများကို ပြန်လည်ဖော်ထုတ်ခဲ့ကြပါသည်။ ထို့နောက် ဦးစားပေးလုပ်ငန်းများကို အများသဘောတူသော ကျေးရွာ၏အဓိက လိုအပ်ချက် လုပ်ငန်းကို အဆိုပြု စနစ် ဖြင့်ရွေးချယ်ခဲ့ကြပါသည်။ တက်ရောက်လာသော ကျေးရွာလူထုများမှ ရွာတွင်းလမ်း ကွန်ကရစ်ခင်းရန် အားလုံးသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ထို့နောက် ပထမအကြိမ် အစည်းအဝေးတွင် ရွေးချယ်ခဲ့ကြသော ကော်မတီများကို ပြန်လည်ပြီး လုံ့လုယ်၍ ရနိုင်သေးကြောင်း ရှင်းပြပြီး ကျေးရွာလူထုများနှင့် ကော်မတီများ အတည်ပြုရွေးချယ်ခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူးမှ ယနေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးကို ပြန်လည် အနစ်ချုပ်ပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ပါသည်။

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

**ညောင်ပင်သာကျေးရွာ၊ ညောင်ပင်သာကျေးရွာအုပ်စု**

| ကဏ္ဍ | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ |
|---|---|---|---|---|---|
| ပညာရေး | ၁ | ကျောင်းအဝင်ကွန်ကရစ်ခင်းခြင်း၊ ကျောင်းအိမ်သာ၊ ကျောင်းအုတ်တံတိုင်း၊ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | က+မ | ၂၀၁၈ | ကျေးရွာလူထု |
| အဆောက်အဦ | ၁ | ခန်းမဆောင် | မ | ၂၀၁၈ | ကျေးရွာလူထု |
| အားကစား | ၁ | အားကစားကွင်း | က | ၂၀၁၈ | ကျေးရွာလူထု |
| သက်မွေး | ၁ | စက်ချုပ်သင်တန်း | မ | ၂၀၁၈ | ကျေးရွာလူထု |
| | ၂ | စိုက်ပျိုးရေးသင်တန်း | က | ၂၀၁၈ | ကျေးရွာလူထု |